April 11, 2019 Volume 18, Number 9

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

၁၁.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၆၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁ ကျပ် |
| CBM Rate | = ၁၅၁၃.၈/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၇.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၆၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## စောင့်ကြည့်ရမည့် ဆန်ပြည်ပတင်ပို့မှု ခြေလှမ်းသစ်




မြန်မာ့ဆန်စပါးလောကတွင် ကုန်သည်တစ်ဦးချင်း တစ်နိုင်တစ်ပိုင် ဆန်တင်ပို့သော အလေ့အထမှစုဖွဲ့၍ ကုမ္ပဏီတည်ထောင်ပြီး ပင်လယ်ရေကြောင်းက တင်ပို့သည့် ခြေလှမ်းသစ်ကို ယခုနှစ်အတွင်း စတင်ခဲ့သည်။ တရုတ် ဈေးကွက်မှီခိုနေရခြင်းကို ပြောင်းလဲရန် ဘုရင့်နောင်မှ ဆန်ကုန်သည် ၅၀ စုပေါင်းကာ ရွှေဘုရင့်နောင် အမည်ဖြင့် ကုမ္ပဏီတည်ထောင်ပြီး အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံတကာသို့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရန်ပြင်ဆင် နေသည်။ ပင်လယ်ရေကြောင်းမှ ဆန် တင်ပို့မည့် အသေးစား၊ အလတ်စားဆန်ကုန်သည်များအတွက် သိုလှောင်ရေး စနစ်၊ ကြိတ်ခွဲရေးစနစ် ငွေကြေးရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် စသည့် အချက်များက စိန်ခေါ်မှုဖြစ်သော်လည်း ယင်းအခြေအနေကိုပြောင်းလဲရန် ကုန်သည်များက စတင်ကြိုးပမ်းခြင်းဖြစ်ပြီး မန္တလေးတိုင်းတွင်လည်း ဆန်ကုန်သည်များစုစည်းပြီး ကုမ္ပဏီထူထောင်ရန် ဆောင်ရွက်နေသည်ဟု ဦးနေလင်းက ပြောသည်။ တရုတ်နိုင်ငံသို့ ၂၀၁၁ ကစတင်၍ နယ်စပ်မှလွတ်လပ်စွာ ဆန်တင်ပို့နိုင်သည့် အခွင့်အရေးသည် ရှစ်နှစ်ခန့်အကြာတွင် အဆုံးသတ်ခဲ့ပြီး တရုတ်အစိုးရ၏ တရားဝင်စီးပွားရေးကို တွန်းအားပေးသောမူဝါဒက မူဆယ်မှတစ်ဆင့် တင်ပို့နေသော ဆန်အပါအဝင် လယ်ယာထွက်ကုန်များအတွက် ထွက်ပေါက်ပိတ်သွား သည်။

ထိုအခြေအနေက ပြည်တွင်းဆန်ဈေးကွက်နှင့် အသစ်ထွက်ပေါ်လာသည့် နွေစပါးဈေးနှုန်းကို အကျိုးသက်ရောက်မှုရှိလာသည်။ နွေရာသီတွင်စိုက်ပျိုးသော ရက် ၉၀ ဆန်တစ်အိတ်သည် ပြီးခဲ့သည့်နှစ်က ကျပ် ၂၆,၀၀၀ ဈေးရှိရာမှ ယခုနှစ်တွင် တရုတ်ဈေးကွက်အဝယ်ရပ်ခြင်းကြောင့် ကျပ် ၁၉,၀၀၀ အောက်သို့ကျဆင်းခဲ့သည်။ ထို့အပြင်ပြီးခဲ့သည့်နှစ်က စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခွဲ

ခန့်ရှိရာမှ ယခုနှစ်တွင် ကျပ်ငါးသိန်းခန့်သို့ ရောက်ရှိလာသဖြင့် စိုက်ပျိုးသူလယ်သမားများကို အားလျော့စေပြန်သည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဆန်ထုတ်လုပ်မှုတန်ချိန် ၁၄ သန်းရှိပြီး စားသုံးမှုက ၁၀ သန်းခန့်ရှိနေသည်။ တစ်နှစ်ဆန်တန်ချိန် လေးသန်းခန့်အထိ ပိုလျှံနေသော မြန်မာနိုင်ငံအနေဖြင့် တရုတ်ဈေးကွက်၏ပိတ်ဆို့မှုက ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များသာမက စိုက်ပျိုးသူလယ်သမားများအထိ အကျပ်အတည်းဂယက်ရိုက်ခတ်လာမည်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကစိုးရိမ်နေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတန်ဖိုး ကျပ်ဘီလီယံ ၅,၀၀၀ ကျော်ရှိပြီး မိုးနှင့် နွေစပါးစိုက်ပျိုးသည့် လယ်ယာမြေဧကသန်း ၂၀ ခန့်ရှိသည်။ မြန်မာ့ဆန်စပါးလောကတွင် ကုန်သည်တစ်ဦးချင်း တစ်နိုင်တစ်ပိုင်ဆန်တင်ပို့သော အလေ့အထမှစုဖွဲ့၍ ကုမ္ပဏီတည်ထောင်ပြီး ပင်လယ်ရေကြောင်းက တင်ပို့သည့် ခြေလှမ်းသစ်ကို ယခုနှစ်အတွင်း စတင်ခဲ့သည်။ တရုတ်ဈေးကွက်မှီခိုနေရခြင်းကိုပြောင်းလဲရန် ဘုရင့်နောင်မှ ဆန်ကုန်သည် ၅၀ စုပေါင်းကာ ရွှေဘုရင့်နောင်အမည်ဖြင့်ကုမ္ပဏီတည်ထောင်ပြီး အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံတကာသို့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရန် ပြင်ဆင်နေသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဆန်ထုတ်လုပ်မှု တန်ချိန် ၁၄ သန်းရှိပြီး စားသုံးမှုက ၁၀ သန်းခန့်ရှိနေသည်။ တစ်နှစ်ဆန်တန်ချိန် လေးသန်းခန့်အထိ ပိုလျှံနေသော မြန်မာနိုင်ငံအနေဖြင့် တရုတ်ဈေးကွက်၏ပိတ်ဆို့မှုက ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များသာမက စိုက်ပျိုးသူလယ်သမားများအထိ အကျပ်အတည်း ဂယက်ရိုက်ခတ်လာမည်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စိုးရိမ်နေသည်။

**Source: http://www.7daydaily.com/story/154128**

## မြန်မာ-ဂျပန် နှစ်နိုင်ငံခရီးသွားပူးပေါင်းဆောင်ရွက်ရေး ဂျပန်နိုင်ငံသို့သွားရောက်လေ့လာ

မြန်မာ၊ ဂျပန်နှစ်နိုင်ငံအကြားခရီးသွားများ လာရောက် လည်ပတ်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) မှ ဂျပန်နိုင်ငံ နိဘီအိုကာမြို့သို့ ၁၀ ရက်ကြာ သွားရောက် လေ့လာခဲ့သည်။

ဂျပန်ဘက်ကနေဖိတ်ကြားတဲ့အတွက် မန္တလေးဟိုတယ် အသင်းဘက်ကနေ ဥက္ကဋ္ဌဦးဆောင်ပြီး လေ့လာမှုပြုလုပ်တာဖြစ်ကြောင်း၊ ဂျပန်ကမြို့တော်ဝန်ရယ်၊ ခရီးသွားလုပ်ငန်းတွေနဲ့ မြန်မာ နိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ယုကပြောသည်။ အဆိုပါ လေ့လာရေးခရီးစဉ်ကို မြန်မာ-ဂျပန်စင်တာအစီအစဉ်ဖြင့် ဧပြီပထမပတ်အတွင်း သွားရောက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဂျပန်နိုင်ငံတွင် နိဘီအိုကာမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ၊ Hyuga မြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌနှင့်လုပ်ငန်းရှင်များ ဆွေးနွေးခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသို့သွားရောက်ရာတွင် မြန်မာဘက်မှ ဟိုတယ်လုပ်ငန်းရှင် ၂၆ ဦးပါဝင်ပြီး နှစ်နိုင်ငံခရီးသွားများ လာရောက် လည်ပတ်နိုင်ရန်နှင့် နှစ်နိုင်ငံအကြားဝန်ထမ်းများ အပြန်အလှန်ကွင်းဆင်းလေ့လာလေ့ကျင့်မှု သင်တန်းများ ပို့ချနိုင်ရေး ဆွေးနွေးခဲ့ကြောင်း ဦးကျော်ယုကပြောသည်။ ဂျပန်ရဲ့ Dai-ichi Life Insurance ကုမ္ပဏီ မြန်မာနိုင်ငံမှာ လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိဂျပန်အာမခံလုပ်ငန်းကုမ္ပဏီ Dai-ichi Life Insurance Co. ကတော့ ယခုအခါ မြန်မာနိုင်ငံမှာ လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ခွင့်ပြုခံလိုက်ရပြီဖြစ်ကြောင်း သိရပါတယ်။ ယင်းအတွက်ကြောင့် ယင်းဂျပန်ကုမ္ပဏီအနေနဲ့ မြန်မာဈေးကွက်ထဲဝင်ရောက်ဖို့အတွက် ကနဦးအတည်ပြုချက်ရရှိတဲ့နိုင်ငံခြား အာမခံလုပ်ငန်းငါးခုအနက်တစ်ခုဖြစ်လာခဲ့ပါတယ်။

ဂျပန်အာမခံလုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ငန်းတွေစတင်လည်ပတ်ဖို့အတွက် ယင်းရဲ့လုပ်ငန်းခွဲတစ်ခုကို ထူထောင်သွားမယ်လို့ မျှော်လင့်ရပါတယ်။ Dai-ichi Life အပြင် ဟောင်ကောင်အခြေစိုက် AIA Co. ၊ Bermuda မှတ်ပုံတင်လုပ်ငန်း Chubb Tempest Reinsurance Ltd ၊ ကနေဒါရဲ့ Manufacturers Life Insurance နဲ့ Prudential Hong Kong Ltd တို့ကိုလည်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရပါတယ်။မြန်မာအစိုးရအနေနဲ့ ယင်းရဲ့အာမခံလုပ်ငန်းကို ပြည်ပကုမ္ပဏီတွေကို ဖွင့်လှစ်ပေးသွားမယ်ဆိုပြီး ဇန်နဝါရီလက ကြေညာထားခဲ့တာဖြစ်ပါတယ်။

**Source: http://www.7daydaily.com/story/154125**

## ကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိ အီးယူကုန်စည်တွေအပေါ် အခွန်ကောက်မယ်လို့ အမေရိကန်ခြိမ်းခြောက်

ဥရောပသမဂ္ဂဆီကနေတင်ပို့တဲ့ ကန်ဒေါ်လာ ၁၁ ဘီလီယံ( စတာလင်ပေါင် ၈ ဒသမ ၄ ဘီလီယံ) တန်ဖိုးရှိ ကုန်စည်ပစ္စည်းတွေအပေါ် အခွန်တွေကောက်ခံဖို့ စဉ်းစားနေပြီဖြစ်ကြောင်း အမေရိကန်ကထုတ်ပြန်လိုက်ပါတယ်။ ပြင်သစ် ဒိန်ခဲ၊ စပါကလင်ဝိုင်နဲ့ ရဟတ်ယာဉ်တွေအပါအဝင် အဓိကပို့ကုန်တွေအပေါ် အခွန်ကောက်မယ်လို့ ဝါရှင်တန်ဘက်က ခြိမ်းခြောက်ပြောဆိုလိုက်တာဖြစ်ပါတယ်။

ဒါဟာ ဥရောပလေယာဉ်ထုတ်ကုမ္ပဏီကြီး Airbus ကို အီးယူဘက်က ဘဏ္ဍာငွေ မတည်ထောက်ပံ့မှုအပေါ် လက်တုန့်ပြန်တဲ့အနေနဲ့ ခုလိုအီးယူအပေါ် အခွန်ကောက်ဖို့ အဆိုပြုရတာဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ကပြောပါတယ်။ Airbus ကုမ္ပဏီဟာဆိုရင် အမေရိကန်အပေါ် ထိခိုက်စေတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်ထားစေခဲ့တယ်လို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO က စစ်ဆေးတွေ့ရှိထားတာဖြစ်ပါတယ်။

ခုလို အီးယူရဲ့ Airbus အပေါ် ထောက်ပံ့မှုဟာ အမေရိကန်တို့အတွက်ကတော့ တစ်နှစ်လျှင် ဒေါ်လာ ၁၁ ဘီလီယံလောက်နစ်နာစေတဲ့အတွက် ယင်းအတိုင်း လက်တုန့်ပြန်ရဖို့ရှိနေတာဖြစ်တယ်လို့ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်Robert Lighthizer က ပြောသွားပါတယ်။

**Source:** http://www.cityam.com/.../us-threatens-tariffs-11bn-eu-goods-...

## ကွန်ပြူတာ၊ စက်ဘီးတွေအပါအဝင် ကုန်စည်အချို့အပေါ် အခွန်အကောက်တွေ တရုတ်လျှော့ချပေး

ကွန်ပြူတာ၊ အိမ်ထောင်ပရိဘောဂနဲ့ စက်ဘီးတွေအပါအဝင် အရေးပါတဲ့ လူသုံးကုန်ပစ္စည်း တစ်ချို့အပေါ်မှာ အခွန်အကောက်တွေ လျှော့ချပေးသွားတော့မှာဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ကြေညာသွားပါတယ်။ ဒါဟာ ယင်းရဲ့ကုန်သွယ်မှု လုပ်နည်းကိုင်နည်းတွေနဲ့ပတ်သက်လို့ ကမ္ဘာတစ်ဝှမ်းစစ်ဆေးစုံစမ်းကြပ်မတ်မှုတွေနဲ့ တိုးမြှင့်ရင်ဆိုင်လာနေရစဉ် ပေကျင်းအစိုးရအနေနဲ့ ခုလိုမျိုး အခွန်လျှော့ချမှုတွေကို ထုတ်ဖော်လာခြင်းလည်းဖြစ်ပါတယ်။

ပေကျင်းနဲ့ ဝါရှင်တန်အကြား ကန်ဒေါ်လာ ၃၆၀ ဘီလီယံကျော် တန်ဖိုးရှိ အပြန်အလှန် ကုန်သွယ်အခွန်အကောက်ချမှတ်မှုနဲ့အတူ ကုန်သွယ်ရေး ပဋိပက္ခတွေ ဖြစ်ပွားထားခဲ့ပါတယ်။ ယခုအခါမှာတော့ စာအုပ်တွေ၊ ကွန်ပြူတာတွေ၊ အစားအသောက်၊ အိမ်ထောင်ပရိဘောဂ၊ ဆေးဝါး စတဲ့ သွင်းကုန်ပစ္စည်းတွေအပေါ် အခွန်ကောက်ခံမှုနှုန်းထားကို ဇြေ ၉ ရက်ကစလို့ ၁၃ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံသွားမှာဖြစ်ကြောင်း တရုတ် အခွန်အကောက် ကော်မရှင်နိုင်ငံတော်ကောင်စီက ကြေညာသွားပါတယ်။ အစောပိုင်းတုန်းက ယင်းကုန်စည်တွေအပေါ် အခွန် ၁၅ ရာခိုင်နှုန်းနှုန်းထားနဲ့ ကောက်ခံနေတာဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာ Xinhua agency အရ သိရပါတယ်။

**Source:** https://www.channelnewsasia.com/.../china-lower-tariffs-us-tr...

## အာဆီယံဒေသတွင်း ပရောဂျက် ဘဏ္ဍာငွေထောက်ပံ့မှုအပိုင်းမှာ အမေရိကန်အရှိန်မြှင့်လုပ်ဆောင်လာ

ခေတ်သစ် ပိုးလမ်းမ စီမံကိန်း Belt and Road Initiative ကနေတဆင့် တရုတ်တို့အနေနဲ့ အာဆီယံဒေသမှာ ဩဇာတိုးမြှင့်ဖြန့်ကျက်ဖို့ လုပ်ဆောင်လာနေစဉ်အတွင်း အမေရိကန်တို့ကလည်း ယင်းအုပ်စုဒေသတွင်းက ဖွံ့ဖြိုးရေးပရောဂျက်တွေမှာ ဘဏ္ဍာငွေထောက်ပံ့မှုတွေနဲ့ပတ်သက်လို့ အရှိန်မြှင့်လုပ်ဆောင်လာနေတယ်လို့သိရပါတယ်။ ဝါရှင်တန်အစိုးရအနေနဲ့ နိုင်ငံရပ်ခြားပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း OPIC ကနေတဆင့် ယင်းအာဆီယံဒေသတွင်းက အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ဒစ်ဂျစ်တယ်နဲ့ တယ်လီကွန်မြူနစ်ကေးရှင်းဆိုင်ရာ ဖော်ဆောင်မှုတွေမှာ ငွေကြေးထောက်ပံ့ဖို့ စိတ်အားထက်သန်နေတယ်လို့သိရပါတယ်။

အမေရိကန်အစိုးရရဲ့ အင်ဒိုပစိဖိတ် မဟာဗျူဟာအရ ယင်းနိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာကနေ ပစိဖိတ်သမုဒ္ဒရာတို့အထိ ထိစပ်ဆက်နွယ်နေတဲ့ နိုင်ငံတွေနဲ့အကြားပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားဖို့ရှိနေတာဖြစ်ပါတယ်။ အာဆီယံဒေသဗဟိုချက်က အမေရိကန်ရဲ့ အင်ဒိုပစိဖိတ်မဟာဗျူဟာအတွက် အဓိကကျပြီး အရေးပါနေကြောင်း OPIC ရဲ့ အရာရှိချုပ် Eric Jones က ပြောသွားပါတယ်။ ယမန်နှစ် ၂၀၁၈ တုန်းကဆိုရင် OPIC အနေနဲ့ အာဆီယံဒေသတွင်းက ပရောဂျက်ဘဏ္ဍာငွေမတည်မှုအတွက် ကန်ဒေါ်လာ ၄ ဘီလီယံအထိ ခွဲဝေချထားပေးခဲ့ကြောင်း ၎င်းကပြောသွားပါတယ်။

**Source:** http://www.nationmultimedia.com/detail/Economy/30367305

## အာရှစုနစ်နိုင်ငံတွင် ဂလိုင်ဖိုစိတ်ပိတ်ပင်ပါက ပေါင်းနှိမ်နင်းရေးစရိတ်များ ကြီးမြင့်လာမည်

အာရှစုနစ်နိုင်ငံမှ တောင်သူများ ဂလိုင်ဖိုစိတ်ပေါင်းသတ်ဆေး အသုံးပြုခွင့်မရတော့ပါက ပေါင်းနှိမ်နင်းရေးစရိတ်ပိုကြီးမြင့်ခြင်း၊ နှိမ်နင်းမှုမထိရောက်ခြင်း၊ ကွင်းဆင်းရပို၍ခက်ခဲလာခြင်းနှင့် သီးနှံအထွက်လျော့ခြင်း ပြဿနာများကြုံတွေ့လာရမည်ဟု Agbioforum ဂျာနယ်တွင်ပါဝင်ခဲ့သော လေ့လာမှုစာတမ်းတစ်စောင်ကထောက်ပြသည်။ ယူနိုက်တက်ကင်းဒမ်းရှိ PG Economics Ltd မှ စိုက်ပျိုးစီးပွားပညာရှင် Graham Brookes က ရေးသားပြုစုခဲ့သော ၎င်းလေ့လာမှု၌ ဂလိုင်ဖိုစိတ်ပေါင်းသတ်ဆေး၏ လက်ရှိအသုံးပြုမှုပုံစံ၊အသုံးပြုရသည့်အကြောင်းများနှင့် ဂလိုင်ဖိုစိတ်သုံးခွင့် မရတော့သည့်အခါ တောင်သူများ ပြောင်းလဲဆောင်ရွက်မည့် ပေါင်းနှိမ်နင်းမှုပုံစံတို့ကို ဆန်းစစ်ခဲ့သည်။ လေ့လာမှုတွင် ပါဝင်သောခုနစ်နိုင်ငံမှာ သြစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ထိုင်းတို့ဖြစ်ပြီး ၎င်းနိုင်ငံများသည် ဂလိုင်ဖိုစိတ် အသုံးများသည့်နိုင်ငံများဖြစ်သည့်အပြင် ဂလိုင်ဖိုစိတ်အသုံးပြုမှုကန့်သတ်ရန် စဉ်းစားနေကြသည်။ အာရှတစ်ဝန်းတွင် ဂလိုင်ဖိုစိတ်ပေါင်းသတ်ဆေးကို တွင်ကျယ်စွာအသုံးပြုလျက်ရှိပြီး ၎င်းဒေသတွင် ဂလိုင်ဖိုစိတ်နည်းတူ ထိရောက်သော အခြားပေါင်းနှိမ်နင်းရေး နည်းလမ်းရှားပါးနေသည်။ တောင်သူများသည် ဂလိုင်ဖိုစိတ်သုံးစွဲခွင့် မရရှိတော့ပါက အခြားပေါင်းသတ်ဆေး အရောအစပ်များကို အသုံးပြု၍သော်လည်းကောင်း၊ စက်ပေါင်းလိုက်ခြင်း၊ လက်ပေါင်းလိုက်ခြင်းဖြင့်သော်လည်းကောင်း ပေါင်းနှိမ်နင်းမည်ဟုပြောသည်။ ထို အစားထိုးနည်းလမ်းများသည် ပေါင်းနှိမ်နင်းရာတွင် မထိရောက်ခြင်း၊ ဖျက်ပိုးများကျရောက်ခြင်း၊ စိုက်ခင်းသို့ ဝင်ရောက်ရန်ခက်ခဲခြင်းနှင့် ပေါင်းနှိမ်နင်းစရိတ်မြင့်မားခြင်း စသောပြဿနာများ ရှိလာနိုင်သည်။

၎င်းခုနစ်နိုင်ငံတွင် ဂလိုင်ဖိုစိတ် သုံးခွင့်မရတော့လျှင် တစ်နှစ်တာ ပေါင်းနှိမ်နင်းရေးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလျံမှ ၁ ဒသမ ၉ ဘီလျံခန့် ထပ်တိုးလာနိုင်ပြီး ပျမ်းမျှစရိတ် မြင့်တက်မှုမှာ တစ်ဟက်တာလျှင် ၂၂ ဒေါ်လာမှ ဒေါ်လာ ၃၀ အထိ ရှိလာနိုင်ကြောင်း လေ့လာမှုကဖော်ပြသည်။ ၎င်းမှာ များပြားလွန်းသော စရိတ်မြင့်တက်မှုဖြစ်ပြီး သီးနှံအထွက်နှုန်းကျဆင်းနိုင်ခြေကိုပါ ထည့်သွင်းတွက်ချက်လျှင်ဂလိုင်ဖိုစိတ် သုံးခွင့်မရတော့သော တောင်သူများ၏ သီးနှံဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း သိသိသာသာ ကျဆင်းလာမည့်သဘောဖြစ်သည်။ ထို့ပြင် ၎င်းနိုင်ငံတို့မှ တောင်သူများသည် ဂလိုင်ဖိုစိတ်ခံနိုင်ရည်ရှိသော သီးနှံများစိုက်ပျိုးလျက်ရှိပြီး သြစတြေးလျ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဂလိုင်ဖိုစိတ်ခံနိုင်ရည်ရှိ ပြောင်းဖူးနှင့် ဝါများစိုက်ပျိုးခြင်းမှရရှိသော စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ရေးရာ အကျိုးကျေးဇူးများဆုံးရှုံးရမည်ဖြစ်သည်။ ဂလိုင်ဖိုစိတ် သုံးခွင့်မရတော့ပါက တောင်သူများသည် ထွန်လွတ်စိုက်ပျိုးခြင်းနှင့် ထယ်ရေးတိမ်တိမ်စိုက်ပျိုးခြင်းတို့မှတစ်ဆင့်ရရှိမည့် ကာဗွန်ဓာတ်ထုတ်လွှတ်မှုသက်သာစေခြင်း၊ မြေတိုက်စားမှုသက်သာစေခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းနိုင်ခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများအရနည်းလာမည်ဖြစ်သည်ဟု လေ့လာမှုကဖော်ပြသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

## STOCK EXCHANGE (11.4.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 5,601 | 47,048,400 | 27,112,747 | 227,747 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 4,885 | 14,173,000 | 38,929,150 | 114,841 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 10 | 71,000 | 10,400,986 | 73,847 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 56 | 1,148,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 10 | 27,000 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.30 | -0.11 | -0.03% | 364.43 | 366.30 | 364.43 | 10,562 | 62,467,400 | 5 | 500,087 |


**Index chart**




# Market Overview

As of 1:00 pm, 11th Apr. 2019

| MYANPIX | 366.30 ▼ 0.11 |
|---|---|
| Total Volume (shares) | 10,562 |
| Total Value (MMK) | 62 mil |
| Listed Company | 5 |
| Market Cap. (MMK) | 500,087 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 50 |